**အမျိုးသားကျန်းမာရေးကော်မတီ (NHC)**

**COVID–19 ကာကွယ်ထိန်းချုပ်ကုသရေးအဖွဲ့ (CTF)**

**ထုတ်ပြန်ကြေညာချက် (၃/၂၀၂၁)**

**၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်**

**COVID–19 ကာကွယ်ဆေးထိုးလုပ်ငန်းများ ပြီးစီးမှုအခြေအနေ ထုတ်ပြန်ကြေညာချက်**

၁။ COVID–19 တတိယလှိုင်းတွင် ပြည်သူပြည်သားများစွာ အသက်ဆုံးရှုံးခဲ့ရပြီး ယခုအခါတွင်လည်း COVID–19 စတုတ္ထလှိုင်းကျရောက်မည့် ဘေးအန္တရာယ်ကို စိုးရိမ်ပူပန်ရလျက်ရှိပါသည်။ နောက်တစ်ကြိမ် ပြည်သူ့အသက်များစွာ မဆုံးရှုံးစေရန် မြန်မာနိုင်ငံအတွင်းရှိ ဒေသမရွေး လူမျိုးမရွေး ကာကွယ်ဆေး ထိုးနှံနိုင်ရေးအတွက် CTF အနေဖြင့် နည်းမျိုးစုံဖြင့် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိပါသည်။

၂။ ဤကာကွယ်ဆေးထိုးနှံရေးကိစ္စနှင့် ပတ်သက်ပြီး လူတိုင်း ကာကွယ်ဆေးထိုးနှံရန် CTF မှ COVAX Facility၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိပြီး ကာကွယ်ဆေး ရရှိနိုင်ရန် အလားအလာများ တိုးတက်မှုရှိသော်လည်း အနှောင့်အယှက်ကင်းပြီး လုံခြုံသော ကာကွယ် ဆေးထိုးနှံနိုင်ရေးအတွက် စိန်ခေါ်မှုများစွာရှိနေပါသည်။

၃။ CTF ၏ ညှိနှိုင်းပံ့ပိုးဆောင်ရွက်မှုဖြင့် မွန်၊ ကရင်၊ ကရင်နီ၊ ရှမ်းပြည်နယ်တို့ရှိ နယ်စပ်ဒေသများတွင် COVID–19 ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ကနဦးအစီအစဉ်အနေဖြင့် ဖော်ပြပါဒေသများမှ ကျန်းမာရေး လုပ်သားများ အပါအဝင် လူဦးရေ (၁,၀၀၀) အား Siopharm Vaccine များ ပထမအကြိမ် ထိုးနှံပေးခဲ့ပြီး မကြာမီ ရက်ပိုင်းအတွင်း ဒုတိယအကြိမ် ထိုးနှံပေး၍ ကာကွယ်ဆေးထိုးနှံပြီးစီးကြောင်း အထောက်အထား ကတ်ပြားများအား ပေးအပ်သွားမည် ဖြစ်ပါသည်။ တိုင်းရင်းသားဒေသများအတွင်း ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံပေးခဲ့သော အတွေ့အကြုံများစွာရှိသည့်အလျောက် တိုင်းရင်းသားကျန်းမာရေးအဖွဲ့ အစည်းများအနေဖြင့် COVID–19 ကာကွယ်ဆေးထိုးနှံခြင်း ကနဦး အစီအစဉ်ကို အခက်အခဲမရှိဆောင်ရွက်နိုင်ခဲ့ပါသည်။

၄။ ယခုအစီအစဉ်သည် တစ်ခုထက်ပိုသော တိုင်းရင်းသားဒေသများပူးပေါင်းညှိနှိုင်း၍ ကာကွယ်ဆေးထိုးနှံသည့် ပထမဆုံးဆောင်ရွက်မှုတစ်ခုဖြစ်ပြီး ဒေသ (၄) ခုမှ တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများမှ အနီးကပ်ချိတ်ဆက်ဆောင်ရွက်မှုနှင့် CTF အဖွဲ့မှ ညှိနှိုင်းပံ့ပိုးဆောင်ရွက်မှုများ၏ အောင်မြင်မှုရလဒ် တစ်ခုလည်းဖြစ်ပါသည်။ ကာကွယ်ဆေးထိုးနှံခြင်းဆိုင်ရာ အသေးစိတ်အစီအစဉ်များရေးဆွဲခြင်း၊ ကာကွယ်ဆေး စနစ်တကျထိုးနှံနိုင်ရေးနှင့် ကာကွယ်ဆေးစနစ်တကျသိုလှောင်ထိန်းသိမ်းနိုင်ရေးဆိုင်ရာ သင်တန်းများပေးခြင်း၊ ကာကွယ်ဆေးထိုးနှံပြီးကြောင်း အထောက်အထားကတ်ပြားများ ဒေသအလိုက်

ပေးအပ်နိုင်ရေး စသည့်ကိစ္စများတွင် CTF အနေဖြင့် နည်းပညာပိုင်းဆိုင်ရာ ညှိနှိုင်းပံ့ပိုးပေးခဲ့ပြီး လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများကိုလည်း ထောက်ပံ့ပေးခဲ့ပါသည်။ ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းစဉ်ကို သက်ဆိုင်ရာတိုင်းရင်းသားကျန်းမာရေးအဖွဲ့များမှ စီမံခန့်ခွဲကာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

၅။ COVID–19 ကာကွယ်ဆေးထိုးနှံခြင်းကနဦးအစီအစဉ်မှ ရရှိသော အတွေ့အကြုံများနှင့် သင်ခန်းစာများကို အခြေခံအသုံးပြု၍ CTF အနေဖြင့် တိုင်းရင်းသားဒေသများရှိ ကာကွယ်ဆေးရရှိသင့်သူများအားလုံးအား ဆေးထိုးနှံပေးနိုင်ရေးကိစ္စကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သို့ပါ၍ ကာကွယ်ဆေးထိုးနှံခြင်းကိစ္စ အမြန်ပြီးမြောက်အောင်မြင်နိုင်ရေးအတွက် လိုအပ်သော ဘဏ္ဍာငွေနှင့် ပစ္စည်းများအား ကူညီထောက်ပံ့ပေးနိုင်ပါကြောင်း ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အလှူရှင်အဖွဲ့အစည်း များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပရှိ စေတနာရှင်များ အား တိုက်တွန်းပန်ကြား အပ်ပါသည်။

**ဆက်သွယ်ရန်**

၁။ ပဒိုမန်းမန်း – (+၆၆) ၈၇၉၄၃၈၇၅၀
၂။ ဒေါက်တာဥက္ကာ – (+၉၅) ၉၄၅၆၆၉၆၆၇၉ (Viber, Signal)